# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့

# ဧရာဝတီတိုင်းဒေသကြီး
# ဆားနှင့်ဆားထွက်ပစ္စည်းလုပ်ငန်းဥပဒေ

ရက်စွဲ၊ ၂၀၁၂ ခုနှစ်၊ ဧပြီလ ၂၉ ရက်

# <u>ရောဝတီတိုင်းဒေသကြီး ဆားနှင့် ဆားထွက်ပစ္စည်းလုပ်ငန်း ဥပဒေ</u>

ရောဝတီတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် (၇/၂၀၁၂)
(၁၃၇၄ ခု၊ ကဆုန်လဆန်း ၉ ရက်)
( ၂၀၁၂ ခုနှစ်၊ ဧပြီလ ၂၉ ရက် )

ရောဝတီတိုင်းဒေသကြီး လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။ ဤဥပဒေသည် ရောဝတီတိုင်း ဒေသကြီး ဆားနှင့်ဆားထွက်ပစ္စည်းလုပ်ငန်းဥပဒေ ပြဋ္ဌာန်းသည့်နေရက်မှစ၍ အာဏာတည်သည်ဟုမှတ်ယူရမည်။

## အခန်း (၁)

## <u>အမည်နှင့် အဓိပ္ပါယ်ဖော်ပြချက်</u>

၁။ ဤဥပဒေကို ရောဝတီတိုင်းဒေသကြီး ဆားနှင့် ဆားထွက်ပစ္စည်းလုပ်ငန်း ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **ဆား** ဆိုသည်မှာ ပင်လယ်ရေ၊ မြေအောက်ရေငန်၊ အင်း၊ အိုင်၊ စိမ့်၊စမ်း၊ ကန်၊ တွင်းရေနှင့် သဲမြေတို့ အသုံးပြုပြီး ထုတ်ယူရရှိသော ဆိုဒီယမ်ကလိုရိုဒ်ကိုဆိုသည်။ ယင်းစကားရပ်တွင် သဘာဝအလျောက် မြေပေါ်မြေအောက်တွင် ဖြစ်ပေါ်တည်ရှိသော ဆိုဒီယမ်ကလိုရိုဒ်လည်းပါဝင်သည်၊

(ခ ) **ဆားထွက်ပစ္စည်း** ဆိုသည်မှာ **အပိုဓာတ်ဆား** ကိုဆိုသည်။ ဆားကို အခြားဓာတုပစ္စည်းများနှင့် ပေါင်းစပ်၍ထုတ်ယူရရှိသောဓာတ်ဆားအမျိုးမျိုးကိုလည်းကောင်း၊ ဆားထုတ်ယူပြီးကျန်ရှိသည့် ကြက်တက်ရည်မှ ထုတ်ယူရရှိသော ဓာတ်ဆားအမျိုးမျိုးကိုလည်းကောင်း၊ ပင်လယ်ရေ၊ မြေအောက်ရေငန်၊ အင်း၊ အိုင်၊ စိမ့်၊ စမ်း၊ ကန်၊ တွင်းရေနှင့် သဲမြေတို့မှ ထုတ်ယူရရှိသော ဆိုဒီယမ်နှင့် ပိုတက်စီယမ်ဓာတ်ဆား အမျိုးမျိုးကိုလည်းကောင်းဆိုသည်။ ယင်းစကားရပ်တွင် ရေမှော်အမျိုးမျိုးတို့မှ ထုတ်ယူရရှိသော ဓာတုပစ္စည်းအမျိုးမျိုးလည်းပါဝင်သည်၊

(ဂ) **ဆားနယ်မြေ** ဆိုသည်မှာ ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်ထား သည့် ဆားနှင့်ဆားထွက်ပစ္စည်းများ ထုတ်လုပ်နိုင်သော နယ်မြေဒေသကိုဆိုသည်၊

(ဃ) **လိုင်စင်** ဆိုသည်မှာ စီးပွားရေးလုပ်ငန်းအလို့ငှာ ရောဝတီတိုင်းဒေသကြီးမြန်မာ့ဆားလုပ်ငန်းက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်ထားသည့် ဆားနှင့်ဆားထွက်ပစ္စည်းများ ထုတ်လုပ်ခွင့်ပြုသည့် ခွင့်ပြုမိန့်ကိုဆိုသည်၊

(င) **ထုတ်လုပ်ခြင်း**ဆိုသည်မှာ ဆား သို့မဟုတ် ဆားထွက်ပစ္စည်းများကို သဘာဝအားဖြင့်လည်းကောင်း၊ နေလှန်းခြင်းဖြင့်လည်းကောင်း၊ ထင်း သို့မဟုတ် မီးသွေးဖြင့် ထုတ်လုပ်သည့်နည်းမှအပ အခြားတစ်နည်းနည်းဖြင့်လည်းကောင်း၊ ထုတ်လုပ်ခြင်းကိုဆိုသည်။ ယင်းစကားရပ်တွင် ဆားကြိတ်ခွဲသန့်စင်ခြင်းလုပ်ငန်းလည်းပါဝင်သည်၊

(စ) **တိုင်းဒေသကြီးအစိုးရအဖွဲ့** ဆိုသည်မှာ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ကို ဆိုသည်၊

(ဆ) **ဝန်ကြီးဌာန** ဆိုသည်မှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောနှင့်သတ္တုတွင်းဝန်ကြီးဌာနကိုဆိုသည်၊

(ဇ) **ဝန်ကြီး** ဆိုသည်မှာ ဆားနှင့်ဆားထွက်ပစ္စည်းလုပ်ငန်းကိစ္စများကို တာဝန်ယူစီမံခန့်ခွဲခွင့်ရှိသည့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးကို ဆိုလိုသည်၊

(ဈ) **မြန်မာ့ဆားလုပ်ငန်း** ဆိုသည်မှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောနှင့်သတ္တုဝန်ကြီးဌာနလက်အောက်ရှိ မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းကိုဆိုသည်၊

(ည) **တိုင်းဒေသကြီးမန်နေဂျာ** ဆိုသည်မှာဧရာဝတီတိုင်းဒေသကြီး မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမန်နေဂျာကိုဆိုသည်၊

(ဋ) **စစ်ဆေးရေးအဖွဲ့** ဆိုသည်မှာ ဆား သို့မဟုတ် ဆားထွက်ပစ္စည်း ထုတ်လုပ်မှုကို စစ်ဆေးခြင်းပြုလုပ်ရန် ဝန်ကြီးက တာဝန်ပေးအပ်သော မြန်မာ့ဆားလုပ်ငန်းမှဝန်ထမ်းကိုလည်းကောင်း၊ အခြားဌာနမှ ဝန်ထမ်းကိုလည်းကောင်း၊ အနည်းဆုံးအဖွဲ့ဝင်(၃)ဦးဖြင့် ဖွဲ့စည်းသည့် အဖွဲ့ကိုဆိုလိုသည်။

## အခန်း(၂)

## ရည်ရွယ်ချက်

၃။ ဤဥပဒေကို အောက်ပါရည်ရွယ်ချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရမည်-

(က) သစ်တောပြုန်းတီးမှု မရှိစေရေးအတွက် နေလှမ်းဆားကိုသာ ထုတ်လုပ်စေရန်၊

(ခ) ဆားထုတ်လုပ်မှုပမာဏ တစ်နှစ်ထက်တစ်နှစ် ပိုမို တိုးတက်စေရန်၊

(ဂ) ဆားနှင့်ဆားထွက်ပစ္စည်းပိုမိုထုတ်လုပ်နိုင်ရေးအတွက် ဆားထုတ်လုပ်နိုင်သည့် နယ်မြေဒေသများကို တိုးချဲ့သတ်မှတ်ပေးရန်၊

(ဃ) ဆားနှင့်ဆားထွက်ပစ္စည်း ထုတ်လုပ်မှုတိုးတက်ရေး၊ အရည်အသွေးကောင်းမွန်ရေး၊ ပြည်တွင်းစားသုံးမှု ဖူလုံရေး၊ ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးရောင်းချနိုင်ရေးနှင့် ပုဂ္ဂလိက ဆားထုတ်လုပ်မှု တိုးတက်စေရေးအတွက် ပံ့ပိုးကူညီရန်၊

(င) ဆားနှင့် ဆားထွက်ပစ္စည်းများကို ပြည်ပသို့တင်ပို့ ရောင်းချနိုင်ရေးအတွက် ဆောင်ရွက်ရန်၊

(စ) သုတေသနပြုလုပ်ရာမှ ရရှိသော ဆားပိုမိုထုတ်လုပ်နိုင်သည့် နည်းလမ်းနှင့် ဆားထွက်ပစ္စည်း ထုတ်လုပ်နိုင်သည့် နည်းပညာရပ်များကို ဆားထုတ်လုပ်သူ ပုဂ္ဂလိကလုပ်ငန်းရှင်များအား ဖြန့်ဖြူးရန်။

## အခန်း (၃)

## လိုင်စင်လျှောက်ထားခြင်း

၄။ ဆားသို့မဟုတ် ဆားထွက်ပစ္စည်းကို စီးပွားဖြစ်ထုတ်လုပ်လိုသူသည် တိုင်းဒေသကြီး မြန်မာ့ဆားလုပ်ငန်းက သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ လိုင်စင်လျှောက်ထားရမည်။

၅။ တိုင်းဒေသကြီးမန်နေဂျာသည် ပုဒ်မ -၄ ပါလျှောက်လွှာများနှင့် စပ်လျဉ်း၍ -

(က) သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့် ညီညွတ်မှု ရှိ မရှိ စစ်ဆေးတင်ပြစေရန် သက်ဆိုင်ရာ စစ်ဆေးရေးအဖွဲ့အား တာဝန်ပေးအပ်နိုင်သည်၊

(ခ ) သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့် ညီညွတ်မှုရှိကြောင်း တွေ့ရှိပါက လိုင်စင် ထုတ်ပေးနိုင်သည်။

၆။ မိသားစုစားသုံးရန် ဆားထုတ်လုပ်ခြင်းအတွက် လိုင်စင်ရယူရန် မလို။

၇။ လိုင်စင်သက်တမ်းသည် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုနှင့် သတ်ဆိုင်ရာဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် မြန်မာ့ဆားလုပ်ငန်းက သတ်မှတ်သည့် အတိုင်း ဖြစ်စေရမည်။

## အခန်း (၄)

## <u>လိုင်စင်ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်နိုင်ခွင့်များ</u>

၈။ လိုင်စင်ရရှိသူသည် အောက်ပါအခွန်အခများအနက် ပေးဆောင်ရန်ရှိသော အခွန်အခများကို ဝန်ကြီး၏ လမ်းညွှန်မှုကို ခံယူ၍ မြန်မာ့ဆားလုပ်ငန်းကသတ်မှတ်သည့် နည်းလမ်းအတိုင်း ပေးဆောင်ရမည် -

(က) လိုင်စင်ခ၊

(ခ ) လိုင်စင်အသစ်လဲလှယ်ကြေး၊

(ဂ ) ရက်လွန်ကြေး။

၉။ လိုင်စင်ရရှိသူသည် -

(က) လိုင်စင်ပါစည်းကမ်းချက်များကို လိုက်နာရမည့်အပြင် တိုင်းဒေသကြီး မြန်မာ့ဆားလုပ်ငန်းက ထုတ်ပြန်သည့် အမိန့်၊ ညွှန်ကြားချက်များကိုလည်း လိုက်နာရမည်၊

(ခ ) ထုတ်လုပ်မှုစာရင်းဇယားများကို သတ်မှတ်ချက်နှင့်အညီ ထားရှိရမည်၊

(ဂ ) တိုင်းဒေသကြီး မြန်မာ့ဆားလုပ်ငန်းနှင့် စစ်ဆေးရေးအဖွဲ့က တောင်းခံသော စာရင်းဇယားများကို တင်ပြရမည်၊

(ဃ) စစ်ဆေးရေးအဖွဲ့၏ စစ်ဆေးခြင်းကို ခံယူရမည်။

၁၀။ လိုင်စင်ရရှိသူ၏ ဆောင်ရွက်နိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဆားသို့မဟုတ် ဆားထွက်ပစ္စည်းပိုမိုထုတ်လုပ်နိုင်ရေးနှင့် အရည်အသွေးမြင့်မားရေးအတွက် ဧရာဝတီ တိုင်းဒေသကြီး မြန်မာ့ဆားလုပ်ငန်းက ဖြန့်ဖြူးပေးသော နည်းလမ်းနှင့် နည်းပညာရပ်များရယူခြင်း၊

(ခ ) ထုတ်လုပ်သော ဆား သို့မဟုတ် ဆားထွက်ပစ္စည်းများကို ပြည်တွင်း၌ လွတ်လပ်စွာရောင်းချနိုင်ခွင့် ရှိခြင်း၊

(ဂ) ထုတ်လုပ်သော ဆား သို့မဟုတ် ဆားထွက်ပစ္စည်းများကို ပြည်ပသို့ သတ်မှတ်ချက်နှင့်အညီ တင်ပို့ရောင်းချနိုင်ခွင့် ရှိခြင်း၊

(ဃ) ပြည်ပသို့ ရောင်းချရာမှ ရရှိသော နိုင်ငံခြားငွေဖြင့် ဆား သို့မဟုတ် ဆားထွက်ပစ္စည်း ထုတ်လုပ်ရာတွင် လိုအပ်သော ဓာတုပစ္စည်းနှင့် လုပ်ငန်းသုံးပစ္စည်းကိရိယာများကို သတ်မှတ်ချက်နှင့်အညီ ဝယ်ယူ တင်သွင်းခွင့်ရှိခြင်း၊

(င) နှစ်ရှည် လိုင်စင် လျှောက်ထားခွင့် ရှိခြင်း၊

(စ) ဆား သို့မဟုတ် ဆားထွက်ပစ္စည်း ပိုမိုထုတ်လုပ်နိုင်ရေးအတွက် လုပ်ငန်းတိုးချဲ့လုပ်ကိုင်လိုပါက ဝန်ကြီး၏ ခွင့်ပြုချက်ရယူပြီး ဆောင်ရွက်ခွင့်ရှိခြင်း။

## အခန်း (၅)

## ဝန်ကြီး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၁။ ဝန်ကြီး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ခ) ဆား သို့မဟုတ် ဆားထွက်ပစ္စည်းထုတ်လုပ်နိုင်မှုကို အခြေခံ၍ လိုင်စင်ခ သတ်မှတ်ခြင်း၊

(ဂ) လိုင်စင်သက်တမ်း သတ်မှတ်ပေးခြင်း၊

(ဃ) လိုင်စင်အသစ်လဲလှယ်ပေးခြင်း၊

(င) ဆား သို့မဟုတ် ဆားထွက်ပစ္စည်း ထုတ်လုပ်နိုင်သည့် ဆားနယ်မြေများကို တိုးချဲ့သတ်မှတ် နိုင်ရန် ဆောင်ရွက်ခြင်း၊

(စ) ဆားထုတ်လုပ်သည့် နည်းလမ်းများနှင့် ဆားထွက်ပစ္စည်း ထုတ်လုပ်နိုင်သည့် နည်းပညာရပ်များကို လိုင်စင်ရရှိသူများအား ဖြန့်ဖြူးပေးခြင်း၊

(ဆ) ဆားနှင့် ဆားထွက်ပစ္စည်း ထုတ်လုပ်မှုတိုးတက်ရေး၊ အရည်အသွေးကောင်းမွန်ရေး၊ ပြည်တွင်းစားသုံးမှုဖူလုံရေးနှင့် ဈေးနှုန်းချိုသာစွာ ဖြန့်ဖြူးရောင်းချနိုင်ရေးအတွက် လိုင်စင်ရရှိသူများအား ပံ့ပိုးကူညီခြင်း၊

(ဇ) တိုင်းဒေသကြီး မြန်မာ့ဆားလုပ်ငန်းမှ ဝန်ထမ်းများကို စစ်ဆေးရေးအဖွဲ့များအဖြစ် တာဝန်ပေးအပ်ခြင်း၊ လိုအပ်ပါက အခြားဌာနမှ ဝန်ထမ်းများကိုလည်း စစ်ဆေးရေးအဖွဲ့အဖြစ် တာဝန်ပေးအပ်နိုင်ရန် သက်ဆိုင်ရာ ဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဈ) စစ်ဆေးရေးအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးခြင်း၊

(ည) ဆား သို့မဟုတ် ဆားထွက်ပစ္စည်းကို ပိုမိုထုတ်လုပ်နိုင်ခြင်း၊ ရာသီဥတုနှင့် သဘာဝဘေးအန္တရာယ် ကျရောက်ခံရသော ဒေသများတွင် ဆား သို့မဟုတ် ဆားထွက်ပစ္စည်း ထုတ်လုပ်ခြင်းတို့ကို ထောက်ရှု၍ လိုင်စင်ကြေးလျှော့ပေါ့ကောက်ခံခြင်း၊

(ဋ) ဝန်ကြီး၏သဘောတူညီချက်ဖြင့် တိုင်းဒေသကြီးမန်နေဂျာသည် ဆားပိုမိုထုတ်လုပ်နိုင်ရေးကို ရှေးရှု၍ နှစ်ရှည် လိုင်စင် ထုတ်ပေးခြင်း၊

(ဌ) ထုတ်လုပ်သော ဆားများ စားသုံးရန် သင့် မသင့်ကို စစ်ဆေးစေခြင်း၊

(ဍ) နေလှမ်းဆား ထုတ်လုပ်ရေးအတွက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း။

၁၂။ ဝန်ကြီးသည် မိမိ၏ လုပ်ပိုင်ခွင့်ကို မြန်မာ့ဆားလုပ်ငန်း၏ တိုင်းဒေသကြီးမန်နေဂျာအား လွှဲအပ်၍ ဆောင်ရွက်စေနိုင်သည်။

## အခန်း (၆)

## စစ်ဆေးခြင်းနှင့် အရေးယူခြင်း

၁၃။ စစ်ဆေးရေးအဖွဲ့သည် -

(က) မိမိတာဝန်ယူရသော နယ်မြေဒေသတွင်ဖြစ်စေ၊ သီးခြားတာဝန်ပေးအပ်သော နယ်မြေဒေသတွင် ဖြစ်စေ ဆား သို့မဟုတ် ဆားထွက်ပစ္စည်း ထုတ်လုပ်သည့် လုပ်ငန်းများကို ဝင်ရောက်ကြည့်ရှု စစ်ဆေးခွင့်ရှိသည်၊

(ခ) လိုင်စင်ရရှိသူထံမှ ထုတ်လုပ်မှုနှင့် သက်ဆိုင်သော စာရင်းအင်းများကို တောင်းယူကြည့်ရှုစစ်ဆေးခွင့် ရှိသည်၊

(ဂ) ဆား သို့မဟုတ် ဆားထွက်ပစ္စည်း နမူနာရယူခြင်းနှင့် လိုအပ်ပါက ဓာတ်ခွဲစစ်ဆေးခြင်း ပြုနိုင်သည်၊

(ဃ) ဤဥပဒေပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖေါက်ဖျက်ကျူးလွန်သူအား လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်ရမည်၊

(င) လိုင်စင်မရှိဘဲ ဆား သို့မဟုတ် ဆားထွက်ပစ္စည်း ထုတ်လုပ်သည်ကို စစ်ဆေးတွေ့ရှိရပါက သက်သေခံ ပစ္စည်းများကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ သိမ်းဆည်းရမည်၊

(စ) မိမိ တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာတွင် လိုအပ်ပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အကူအညီကို တောင်းခံရယူနိုင်သည်။

## အခန်း (၇)

## တားမြစ်ချက်နှင့် ပြစ်ဒဏ်

၁၄။ မည်သူမျှ လိုင်စင်မရှိဘဲ ဆား သို့မဟုတ် ဆားထွက်ပစ္စည်းကို စီးပွားဖြစ်ထုတ်လုပ်ခြင်း မပြုရ။

၁၅။ လိုင်စင်ရရှိသူသည် -

(က) ထင်း သို့မဟုတ် မီးသွေးဖြင့် ဆားထုတ်လုပ်ခြင်း မပြုရ၊

(ခ) လိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း မပြုရ၊

(ဂ) တိုင်းဒေသကြီး မြန်မာ့ဆားလုပ်ငန်းက ထုတ်ပြန်သည့် အမိန့်၊ ညွှန်ကြားချက်တို့ကို လိုက်နာရန် ပျက်ကွက်ခြင်း မရှိစေရ။

၁၆။ မည်သူမဆို ပုဒ်မ ၁၄ ပါပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ပါက အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ ဒဏ်ကြေးကို ချမှတ်ခြင်း ခံရမည် -

(က) ပထမအကြိမ် ကျူးလွန်ခြင်းဖြစ်ပါက အနည်းဆုံး ကျပ် ၅၀၀၀၀ိ/မှ အများဆုံး ကျပ် ၁၀၀၀၀၀ိ/ အထိ ဒဏ်ကြေးငွေ တပ်ရိုက်ခြင်း၊

(ခ) ထပ်မံ ကျူးလွန်ခြင်းဖြစ်ပါက အနည်းဆုံး ကျပ် ၁၀၀၀၀၀ိ/မှ အများဆုံး ကျပ် ၃၀၀၀၀၀ိ/ အထိ ဒဏ်ကြေးငွေ တပ်ရိုက်ခြင်း။

၁၇။ လိုင်စင်ရရှိသူသည် ပုဒ်မ ၁၅ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ပါက အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ ဒဏ်ကြေးငွေကို ချမှတ်ခြင်းခံရမည် -

(က) ပထမအကြိမ် ကျူးလွန်ခြင်းဖြစ်ပါက အနည်းဆုံး ကျပ် ၁၀၀၀၀ိ/မှ အများဆုံး ကျပ် ၅၀၀၀၀ိ/ အထိ ဒဏ်ကြေးငွေ တပ်ရိုက်ခြင်း၊

(ခ) ထပ်မံ ကျူးလွန်ခြင်းဖြစ်ပါက အနည်းဆုံး ကျပ် ၅၀၀၀၀ိ/မှ အများဆုံး ကျပ် ၂၀၀၀၀၀ိ/ အထိ ဒဏ်ကြေးငွေ တပ်ရိုက်ခြင်း။

၁၈။ ပုဒ်မ ၁၆ သို့မဟုတ် ၁၇ ပါ စီမံခန့်ခွဲရေးဆိုင်ရာ ဒဏ်ကြေးငွေကို တိုင်းဒေသကြီးမန်နေဂျာက ချမှတ်ရမည်။

၁၉။ တိုင်းဒေသကြီးမန်နေဂျာသည် ပုဒ်မ ၁၆ အရ အမိန့်ချမှတ်ရာတွင် တင်ပြထားသော သက်သေခံပစ္စည်းများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စီမံခန့်ခွဲခွင့် ရှိသည်။

## အခန်း (၈)

## အယူခံခြင်း

၂၀။ တိုင်းဒေသကြီးမန်နေဂျာက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့် နေ့ရက်မှ ရက်ပေါင်း (၃၀)အတွင်း ဝန်ကြီးထံအယူခံနိုင်သည်။

၂၁။ ဝန်ကြီးသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ သဘောတူညီချက်ဖြင့် တိုင်းဒေသကြီးမန်နေဂျာက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်နှင့် စပ်လျဉ်း၍ အောက်ပါအမိန့် တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) အတည်ပြုခြင်း၊

(ခ) ပြင်ဆင်ခြင်း၊

(ဂ) ပြန်လည်စစ်ဆေးခြင်း။

၂၂။ ဝန်ကြီး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

## အခန်း (၉)

## အထွေထွေ

၂၃။ ဧရာဝတီတိုင်းဒေသကြီး မြန်မာ့ဆားလုပ်ငန်းသည် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ဆား၊ ဆားထွက်ပစ္စည်းကို ဖက်စပ်ထုတ်လုပ်ရေးအတွက် တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်နိုင်သည်။

၂၄။ ဤဥပဒေပါပြဋ္ဌာန်းချက်များသည် မြန်မာ့ဆားလုပ်ငန်းက ဆောင်ရွက်သည့် ဆား၊ ဆားထွက်ပစ္စည်းနှင့် ဓာတုပစ္စည်းများထုတ်လုပ်သည့် လုပ်ငန်းများနှင့် မသက်ဆိုင်စေရ။

၂၅။ ဝန်ကြီးသည် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဝန်ကြီးဌာန တစ်ခုခု သို့မဟုတ် အဖွဲ့အစည်း တစ်ရပ်ရပ်အား ဤဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ခြင်းမှ ကင်းလွတ်ခွင့် သို့မဟုတ် လိုင်စင်ခသက်သာခွင့် ပြုနိုင်သည်။

၂၆။ တိုင်းဒေသကြီး မြန်မာ့ဆားလုပ်ငန်းသည် ရရန်ရှိသော လိုင်စင်ခ၊ ရက်လွန်ကြေး နှင့် ဒဏ်ကြေးငွေတို့ကို မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ မှတ်ယူ၍ ကောက်ခံရမည်။

၂၇။ တည်ဆဲ မြန်မာ့ဆားအက်ဥပဒေအရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊အမိန့်ဆင့်ဆိုချက်များ၊ အမိန့်နှင့် ညွှန်ကြားချက်များသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၂၈။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် -

(က) ဝန်ကြီးသည် လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) ဝန်ကြီး၏ သဘောတူညီချက်ဖြင့် တိုင်းဒေသကြီး မြန်မာ့ဆားလုပ်ငန်းသည် လိုအပ်သော အမိန့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

(ပုံ)သိန်းအောင်
ဝန်ကြီးချုပ်
တိုင်းဒေသကြီးအစိုးရအဖွဲ့

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့

# ဧရာဝတီတိုင်းဒေသကြီး
# ဆားနှင့်ဆားထွက်ပစ္စည်းလုပ်ငန်းဥပဒေကို
# ပြင်ဆင်သည့် ဥပဒေ

ရက်စွဲ၊ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာ ၁၂ ရက်

## ဧရာဝတီတိုင်းဒေသကြီး ဆားနှင့် ဆားထွက်ပစ္စည်းလုပ်ငန်း ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် (၈/၂၀၁၄)
(၁၃၇၆ ခု၊ နတ်တော်လပြည့်ကျော် ၆ ရက်)
(၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာ ၁၂ ရက် )
ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ဧရာဝတီတိုင်းဒေသကြီး ဆားနှင့်ဆားထွက်ပစ္စည်း လုပ်ငန်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဧရာဝတီတိုင်းဒေသကြီး ဆားနှင့်ဆားထွက်ပစ္စည်းလုပ်ငန်း ဥပဒေအခန်း (၇) **" တားမြစ်ချက်နှင့်ပြစ်ဒဏ် "** ဆိုသည့် ခေါင်းစည်းစကားရပ်ကို **" စီမံခန့်ခွဲရေး နည်းလမ်းအရ အရေးယူခြင်း "** ဟုသော စကားရပ်ဖြင့် အစားထိုးရမည်။

၃။ ဧရာဝတီတိုင်းဒေသကြီး ဆားနှင့် ဆားထွက်ပစ္စည်းလုပ်ငန်း ဥပဒေ/ ပုဒ်မ ၁၉၏ နောက်တွင် ပုဒ်မ ၂၀ အဖြစ် အောက်ပါအတိုင်း ဖြည့်စွက် ရမည်-

၂၀။ ပုဒ်မ ၁၆ နှင့်ပုဒ်မ ၁၇ အရ ချမှတ်သည့် အမိန့်ကို လိုက်နာရန် ပျက်ကွက်သူများအား ဤဥပဒေအရ ဧရာဝတီတိုင်းဒေသကြီး မြန်မာ့ဆားလုပ်ငန်းမှ တရားစွဲဆိုနိုင်သည်။

၄။ ဧရာဝတီတိုင်းဒေသကြီး ဆားနှင့် ဆားထွက်ပစ္စည်းလုပ်ငန်း ဥပဒေ/ပုဒ်မ ၂၀၊၂၁နှင့် ၂၂ တို့ကို ပုဒ်မ ၂၁၊၂၂ နှင့် ၂၃ အဖြစ်အသီးသီး ပြန်လည် အမှတ်စဉ်ရမည်။

၅။ ဧရာဝတီတိုင်းဒေသကြီး ဆားနှင့်ဆားထွက်ပစ္စည်းလုပ်ငန်း ဥပဒေအခန်း(၈) ၏ နောက်၌ အခန်း (၉)အဖြစ် အောက်ပါ အတိုင်းဖြည့်စွက်ရမည် -

### အခန်း (၉)

### ပြစ်မှုနှင့် ပြစ်ဒဏ်များ

၂၄။ မည်သူမဆို ပုဒ်မ ၁၆ အရ ချမှတ်သော စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ကို လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ၃ လထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၃၀၀၀၀၀/- ထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။

၂၅။ မည်သူမဆို ပုဒ်မ ၁၇ အရ ချမှတ်သော စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ကို လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ၃ လထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၃၀၀၀၀၀/- ထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။

၆။ ဧရာဝတီတိုင်းဒေသကြီး ဆားနှင့်ဆားထွက်ပစ္စည်းလုပ်ငန်းဥပဒေ ပုဒ်မ (၂၆)ကိုပယ်ဖျက်ရမည်။

၇။ ဧရာဝတီတိုင်းဒေသကြီး ဆားနှင့်ဆားထွက်ပစ္စည်းလုပ်ငန်း ဥပဒေပုဒ်မ ၂၃၊၂၄၊၂၅၊၂၇ နှင့် ၂၈ တို့ကို ပုဒ်မ ၂၆၊၂၇၊၂၈၊၂၉ နှင့် ၃၀ တို့အဖြစ် အသီးသီး ပြန်လည် အမှတ်စဉ်ရမည်။

××××××××××××××××××××××××××××××××××××××××××××××××××××××××

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ ကျွန်ုပ် လက်မှတ်ထိုးသည် -

( ပုံ ) သိန်းအောင်
ဝန်ကြီးချုပ်
ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့